ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

ပြည်တွင်းအခွန်များဦးစီးဌာန

လိုက်နာကျင့်သုံးရန် သတ်မှတ်ချက်

အမှတ်၊ ၂ / ၂၀၁၉

နေပြည်တော်၊ ၁၃၈၀ပြည့်နှစ်၊ တန်ခူးလဆန်း ၁၄ ရက်

(၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၈ ရက်)

အကြောင်းအရာ။ **ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် လုပ်ငန်းများ၏ ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေ အပေါ်တွင် ကုန်သွယ်လုပ်ငန်းခွန်တွက်ချက်ခြင်း**

ရည် ညွှန်း ချက် ။ ပြည်တွင်းအခွန်များဦးစီးဌာန၏ ၂၆-၁၂-၂၀၁၈ ရက်စွဲပါ လိုက်နာကျင့်သုံးရန် သတ်မှတ်ချက် အမှတ်၊ ၃/၂၀၁၈

၁။ ပြည်တွင်းအခွန်များဦးစီးဌာနသည် ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်းများ၊ စည်းမျဉ်း ၅၅၊ စည်းမျဉ်းခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ကုန်သွယ်လုပ်ငန်းခွန် ကျသင့်သည့် လုပ်ငန်းများမှ ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေအပေါ်တွင် ကုန်သွယ်လုပ်ငန်းခွန် တွက်ချက်ခြင်းနှင့်စပ်လျဉ်း၍ မည်သို့လိုက်နာကျင့်သုံးရမည်ကို ရှင်းလင်းစွာသိရှိနိုင်စေရန်အတွက် ရည်ညွှန်းပါ လိုက်နာကျင့်သုံးရန်သတ်မှတ်ချက်အမှတ်၊ ၃/ ၂၀၁၈ ဖြင့် ထုတ်ပြန်သတ်မှတ်ခဲ့ပြီးဖြစ်ပါသည်။

၂။ ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် လုပ်ငန်းများဆောင်ရွက်ရာတွင် ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေအပေါ် ကျသင့်ကုန်သွယ်လုပ်ငန်းခွန် တွက်ချက်ရာ၌ မည်သို့ကျင့်သုံးဆောင်ရွက်ရမည်ဖြစ်ကြောင်း ဥပမာဖြစ်စဉ်တွင် ပိုမိုရှင်းလင်းစွာသိရှိနိုင်ရန်အတွက် လိုက်နာကျင့်သုံးရန် သတ်မှတ်ချက်အမှတ်၊ ၃/ ၂၀၁၈ နမူနာ -၂ ၏နောက်တွင် နမူနာ - ၃ အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်လိုက်သည် -

(ဂ) နမူနာ - ၃

(၁) **ဖြစ်စဉ်။** ကုန်ပစ္စည်းရောင်းချသော ကုမ္ပဏီ C သည် ကုန်သွယ်လုပ်ငန်းခွန် မှတ်ပုံတင်ရန် ပျက်ကွက်နေပြီး ကုန်သွယ်လုပ်ငန်းခွန် ကောက်ခံထားခြင်းမရှိပါ။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွက် ရောင်းရငွေစုစုပေါင်း ကျပ် ၁,၀၀၀,၀၀၀,၀၀၀/- ဖြစ်ပါသည်။ (ကုန်သွယ်လုပ်ငန်းခွန် ငါးရာခိုင်နှုန်းဖြင့် ကျသင့်သည့် ကုန်စည်များကို ရောင်းချခြင်း ဖြစ်ပါသည်။)

(၂) **လိုက်နာကျင့်သုံးရန်သတ်မှတ်ချက်ကိုကျင့်သုံးခြင်း။** ၂၀၁၇-၂၀၁၈ စည်းကြပ်နှစ်အတွက် ကုမ္ပဏီ C ၏ ရောင်းရငွေစုစုပေါင်းမှာ ကျပ် ၁,၀၀၀,၀၀၀,၀၀၀/- ဖြစ်ပါသည်။ ဤလိုက်နာကျင့်သုံးရန်သတ်မှတ်ချက်ကို ကျင့်သုံး၍ ကုမ္ပဏီ C က ပေးဆောင်ရမည့် ကုန်သွယ်လုပ်ငန်းခွန်တွက်ချက်ရာတွင် လိုက်နာကျင့်သုံးရန်သတ်မှတ်ချက်အမှတ်၊ ၃/ ၂၀၁၈ ၏ အပိုဒ် ၅ ပါ ပုံသေနည်းအတိုင်း ရောင်းရငွေစုစုပေါင်း ကျပ် ၁,၀၀၀,၀၀၀,၀၀၀/- ကို ၂၁ ဖြင့် စားခြင်းအားဖြင့် ကျသင့်သည့် ကုန်သွယ်လုပ်ငန်းခွန် ကျပ် ၄၇,၆၁၉,၀၄၇/- ရရှိမည် ဖြစ်ပါသည်။

(၃) **ကျသင့်သည့်အခွန်နှုန်းမတူညီသည့်အပေါ် တွက်ချက်ခြင်း။** ဤဖြစ်စဉ်တွင် ကုမ္ပဏီ C က ရောင်းချသောကုန်စည်သည် ကုန်သွယ်လုပ်ငန်းခွန် ငါးရာခိုင်နှုန်းဖြင့် ကျသင့်သည့် ကုန်စည်မဟုတ်ဘဲ တစ်ရာခိုင်နှုန်း၊ သုံးရာခိုင်နှုန်း၊ ရှစ်ရာခိုင်နှုန်း စသည်ဖြင့် ကျသင့်ခြင်းဖြစ်ပါက လိုက်နာကျင့်သုံးရန်သတ်မှတ်ချက်အမှတ်၊ ၃/ ၂၀၁၈ ၏ အပိုဒ် ၅ ပုံသေနည်းပါ အခွန်နှုန်းနေရာတွင် ဆိုင်သင့်သလို ပြောင်းလဲထည့်သွင်း တွက်ချက်ရမည် ဖြစ်ပါသည်။

၃။ ဤလိုက်နာကျင့်သုံးရန်သတ်မှတ်ချက်ကို လက်မှတ်ရေးထိုးထုတ်ပြန်လိုက်သည်။

( မင်းထွဋ် )
ညွှန်ကြားရေးမှူးချုပ်

စာအမှတ်၊၂(၇)/ ဥစ-၁/ ပတခ/ ၂၀၁၈ (၄၁၈၆)
ရက်စွဲ ၊ ၂၀၁၉ ခုနှစ် ဖြေ လ ၁၈ ရက်

<u>**ဖြန့်ဝေခြင်း**</u>

မြန်မာနိုင်ငံစာရင်းကောင်စီ
ညွှန်ကြားရေးမှူးချုပ်၊ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန
ဒုတိယညွှန်ကြားရေးမှူးချုပ် (အားလုံး)
ဌာနခွဲညွှန်ကြားရေးမှူး (အားလုံး)
} မြန်မာနိုင်ငံပြန်တမ်းတွင်ထည့်သွင်းကြေညာပေးပါရန် မေတ္တာရပ်ခံ ပေးပို့ပါသည်။

ဌာနမှူး၊အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး
ဌာနမှူး၊အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး(၁)၊(၂)၊(၃)၊(၄)
တိုင်းဒေသကြီး/ ပြည်နယ်အခွန်ဦးစီးဌာနမှူး (အားလုံး)
ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူး
မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း
} သက်ဆိုင်ရာအခွန်ထမ်းများကို အသိပေး ရှင်းလင်းရန် ညွှန်ကြားပေးပို့ပါသည်။

မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်

မိတ္တူကို

ရုံးလက်ခံ

မျှောစာတွဲ